# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထူထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (22-5-2013) (၇၄၈၈)


**မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဆက်လက်ရှင်သန်ပွံ့ဖြိုးလာစေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

**ပြုပြင်ပြောင်းလဲမှု အများအပြားဆောင်ရွက်ခဲ့သဖြင့် ဝိတ်ဆို့မှုအားလုံးကို လျှော့ချပေးလိုက်ပြီဖြစ်**

အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမား

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့ သွားရောက်၍ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်၌ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘာရက်အိုဘားမားနှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စုသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး ညနေ ၃ နာရီခွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို သမ္မတအိမ်ဖြူတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သမ္မတ ဘာရက်အိုဘားမားက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စုကရော အိမ်ဖြူတော်ကပါလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မိမိအနေဖြင့် ယမန်နှစ်က မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန်သမ္မတတစ်ဦးအဖြစ် ရောက်ရှိခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လည်း နှစ်ပေါင်း(၄၀)အတွင်း အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာသည့် မြန်မာခေါင်းဆောင်တစ်ဦးဖြစ်သည့်အတွက် ကောင်းမွန်သည့်ခရီးစဉ်ဖြစ်ပါကြောင်း၊ ယခင်နှစ်(၄၀)က နှစ်နိုင်ငံဆက်ဆံရေးမှာ တင်းမာမှုများရှိခဲ့ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မစ္စ ဟီလာရီကလင်တန်နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စ ဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကလင်တန်ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ မိခင်နှင့်ကလေး အသေအပျောက်နှုန်းလျှော့နည်းရေး၊ လယ်ယာကဏ္ဍတွင် ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာ နည်းပညာများရရှိရေး၊ လျှပ်စစ်ဓာတ်အားပုံလုံစွာရရှိရေး၊ ဆိုလာစွမ်းအင်စနစ်အသုံးပြုရေး၊ ဆေးရုံသုံးနှင့် ဆေးဝါးပစ္စည်းများရရှိရေးနှင့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီရေးတို့နှင့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ✱

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



## နေရောင်ခြည်မှရရှိသော ဗီတာမင်ဒီ ပန်းနာရင်ကျပ်ဝေဒနာရှင်များကို အထောက်အကူပြုနိုင်

ဘာသာပြန် - ဟိန်းထက်လင်း

ဗီတာမင်ဒီသည် ပန်းနာရင်ကျပ်ဝေဒနာရှင်များအတွက် ထိရောက်သောထောက်ပံ့ကူညီမှုများ ပေးနိုင်ကြောင်း လန်ဒန်ကောလိပ်မှ သုတေသီများက ထုတ်ဖော်ပြောကြားခဲ့သည်။

နေရောင်ခြည်တွင်ပါဝင်သော ဗီတာမင်ဒီသည် ပန်းနာရင်ကျပ်ဝေဒနာသည်များ၏ ရောဂါလက္ခဏာ ပိုမိုဆိုးရွားအောင် လှုံ့ဆော်ပေးနေသည့် ခန္ဓာကိုယ်အတွင်းရှိ သဘာဝဓာတုပစ္စည်း၏ လှုံ့ဆော်မှုအဆင့်ကို လျှော့ကျစေကြောင်း ၎င်းတို့က ဆိုသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့က ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အမေရိကန်ကုန်သည်ကြီးများအသင်း (US Chamber of Commerce)ရုံး၌ ကျင်းပသည့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ(US- ASEAN Business Council)နှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများ အသင်းတို့က ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီး ဦးသန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman၊ အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Ms. Tami Overby၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်၊ General Electric မှ Mr. James N. Suciu၊ ACEကုမ္ပဏီမှ Mr. John Keogh၊ Ford ကုမ္ပဏီမှ Mr. Steve Biegun၊ P&G ကုမ္ပဏီမှ Mr. Carolyn Brehm၊ အမေရိကန်ကုန်သည်ကြီးများ အသင်းနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့မှ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲ အပြီးတွင် နိုင်ငံတော်သမ္မတအား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားတွင် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ General Electric မှ Mr. James N. Suciu နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေးပါသော အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် တန်းတူမိတ်ဖက်အဖြစ် ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ကောင်းမွန်ရေးသည် မြန်မာပြည်သူများ၏ မျှော်လင့်ချက်အရင်းအမြစ်တစ်ခုဖြစ်ပြီး မိမိတို့အစိုးရ၏ တာဝန်လည်းဖြစ်ပါကြောင်း။

အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများအတွက် ရှင်းလင်းလွယ်ကူစွာလုပ်ကိုင်နိုင်မည့် ဈေးကွက်စီးပွားရေး စနစ်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ခိုင်မာသည့်အခြေခံကောင်းများ ခင်းကျင်းပေးရန် အစိုးရက ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တရားမျှတပြီး ညီညွတ်မှုရှိသည့် စီးပွားရေးတစ်ရပ်ကို ဖော်ဆောင်ရမည်ဖြစ်ပြီး ယင်းစီးပွားရေးသည် မိမိတို့နိုင်ငံ၏ ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်ယူသုံးစွဲနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူသုံးစွဲရာတွင်လည်း မိမိတို့၏သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်လိုအပ်သဖြင့် ၎င်းရည်ရွယ်ချက်အားလုံး ပြီးမြောက်အောင်မြင်စေရန် မိမိတို့အနေဖြင့် လေ့ကျင့်ပညာပေးရေး၊ အသိပညာမျှဝေပေးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးနှင့် သက်ဆိုင်သူများကိုလည်း ထိုနည်းတူ လိုက်ပါလုပ်ဆောင်လာအောင် အားပေးအားမြှောက်ပြုရေးတို့အတွက် အမေရိကန်နိုင်ငံ အပါအဝင် နိုင်ငံတကာ၏ပံ့ပိုးကူညီမှုများကို အမြင့်ဆုံးအဆင့်အထိ ရရှိရန်လိုအပ်ပါကြောင်း။

ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်ရေးတို့အတွက် အစိုးရ၏ ဆောင်ရွက်မှုများကို ရှင်းလင်းပုံစံတစ်ခုကို ပေါ်ထွန်းလာစေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ပေါင်းစည်းမှုမူဘောင်၏ အစိတ်အပိုင်းတစ်ရပ်သာလျှင် ဖြစ်ပါကြောင်း၊ အစိုးရသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအားကောင်းလာစေရန် ဆက်လက်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ ခုံသမာဓိ စီရင်ဆုံးဖြတ်မှုစနစ်ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့အနေဖြင့် နယူးယောက်ပဋိညာဉ်အဖွဲ့ကိုလည်း ဝင်ရောက်ရန်ဆောင်ရွက်နေပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများကို အားပေးမှုနှင့် တစ်ချိန်တည်းတွင် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ပေးရန်နှင့် ပြည်သူများအတွက် မှီခိုအားထားရာဖြစ်သည့် သဘာဝပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကိုလည်း ဝင်ရောက်ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာကျသော အနေအထားအရ နိုင်ငံတကာမိတ်ဖက်များကို စီးပွားရေး အခွင့်အလမ်းများစွာ ရရှိစေမည်ဖြစ်ပါကြောင်း။

လူဦးရေ သန်း ၆၀ ရှိသည့် မြန်မာနိုင်ငံသည် အာရှတိုက်၏သစ်လွင်သော လမ်းဆုံဖြစ်ပြီး အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် အာဆီယံနိုင်ငံများ တည်ရှိနေခြင်းကြောင့် လူဦးရေစုစုပေါင်း နှစ်ဘီလီယံကျော်နှင့် လည်းကောင်း၊ ကမ္ဘာပေါ်တွင် အမြန်ဆုံးနှုန်းများဖြင့် တိုးတက်အခါတွင် ၎င်းအတားအဆီးများကို ကျော်လွှားရန်ကြိုးစားနေပါကြောင်း။

မဝေးတော့သည့် အနာဂတ်ဖြစ်သော ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့အတွင်း စီးပွားရေး အခင်းအကျင်း အသစ်တစ်ရပ်ပေါ်ထွက်လာတော့မည်ဖြစ်ရာ မိမိတို့အနေဖြင့် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းမည့် ထိုအခွင့်အလမ်းကိုအမိအရ လှမ်းယူနိုင်ရန် ပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် အခြေခံကောင်းများ ချမှတ်ဖော်ဆောင်လိုပါကြောင်း၊ ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံအတွင်း၌ အမေရိကန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါ



ပြောကြားလိုပါကြောင်း။

သမ္မတရုံးသည် လွှတ်တော်နှင့် ပူးပေါင်း၍ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီမှုအပြင် ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားများအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ လက်ရှိအခြေအနေတွင် ပိုမိုပွင့်လင်းပြီး တာဝန်ခံမှုရှိသော၊ တရားဥပဒေနှင့် ညီညွတ်သော၊ ရှင်းလင်းလွယ်ကူသော လုပ်နည်းလုပ်ဟန်များနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဝန်ကြီးဌာနများ၊ ကျွမ်းကျင်သူများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည်လည်း အရေးကြီးပါကြောင်း၊ မကြာသေးမီကပင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးမည့် ဦးဆောင်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုပေါ်ထွန်းလာရေးအတွက် အစိုးရသည် ပြည်သူတို့၏ဆန္ဒနှင့်အညီ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုဆိုင်ရာ မူဘောင်တစ်ရပ်ချမှတ်နိုင်ရေး အလေးထားလုပ်ဆောင်နေပါကြောင်း။

ကဏ္ဍအားလုံးတွင် အမေရိကန်ကုမ္ပဏီများနှင့် အပြန်အလှန်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက်နှင့် အမေရိကန်အသေးစားနှင့် အလတ်စားလုပ်ငန်းများ မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်လိုအပ်သည့် အာမခံချက်များနေသော ဈေးကွက်များနှင့် လည်းကောင်း နယ်နိမိတ်ချင်းထိစပ်နေပါကြောင်း၊ အတိတ်က နိုင်ငံရေးဆိုင်ရာများအပြင် သဘာဝအတားအဆီးများကြောင့် အထီးကျန်ဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံသည် ယခုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမေရိကန်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ယနေ့မိုးလေဝသ

၂၂-၅-၂၀၁၃

**နေပြည်တော်နှင့် မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရွာရန်ရာနှုန်း ၆၀

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန်ရာနှုန်း ၇၀

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။



✱ ရှေ့ဖုံးမှ
စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim အား အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

တွေ့ဆုံရာတွင် ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်က ငွေကြေးအကူအညီများပေးအပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးသန်းဌေးနှင့် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံမှ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော သီတဂူဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိဿရနှင့် အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား လိုက်လံကြည်ညိုပြီး နှုတ်ဆက်စကားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး ထိုင်းနိုင်ငံ အိမ်ရှေ့ မင်းသား၏ ကြင်ရာတော်ဖြစ်သူ HRH Princess Srirasm က တက်ရောက်မိန့်ခွန်းပြောကြားကာ အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို မေ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်း၏ နေအိမ်၌ သံရုံးဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး သံအမတ်ကြီးမိသားစုက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra ဩဝါဒစကား မြွက်ကြားစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

## ကြေးမုံဓာတ်ပုံသတင်းမြင်ကွင်း



ဗိုလ်တထောင်ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိရေမြောင်းတွင် အမှိုက်များပိတ်ဆို့နေသည်မှာ---



ဗိုလ်တထောင်မြို့နယ် (၄၃)လမ်းအောက်လမ်းတွင် လျှပ်စစ်မီးကြိုးများ ရှုပ်ထွေးနေမှုကြောင့် ပြည်သူများအန္တရာယ်ရှိနိုင်----



နန်းသီတာဇေတတံတားပေါ်၌ ဈေးသည်များက ပြည်သူများကို အနှောင့်အယှက်ဖြစ်စေနိုင်---

● မြောက်ဝင်ရိုးစွန်းမှ
လေ့လာနိုင်စေရန် အထောက်အကူပြုသည်ဆို၏။

သံချပ်ကာ ကားငယ်ပုံစံအသွင် တွေ့မြင်ရသော စက်ရုပ်ယာဉ်သည် အမြင့်ခြောက်ပေရှိပြီး အလေးချိန် ပေါင် ၈၀၀ ရှိသည်။ အဆိုပါ စက်ရုပ်ယာဉ်ပေါ်တွင် မြေပြင်ကို ထိုးဖောက်မြင်နိုင်စွမ်းရှိသော ရေဒါ စနစ်တစ်ရပ်ပါရှိကာ ရေခဲမြစ်များကို ထွင်းဖောက်လေ့လာနိုင်စေမည်ဖြစ်သည်။

နေရောင်ခြည် စွမ်းအင်သုံး အဆိုပါစက်ရုပ်ယာဉ်ကို GROVER ဟု အမည်ပေးထားပြီး အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင် လေ့လာရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများက ဒီဇိုင်းပုံစံထုတ်ခဲ့ပြီး နာဆာသိပ္ပံပညာရှင်များက တည်ဆောက်ခဲ့သည်။

အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ဂြိုဟ်တုများ၊ လေယာဉ်များ၊ ဆီးနှင်းလျှောယာဉ်များ အသုံးပြု၍ လေ့လာခြင်းထက် စက်ရုပ်ယာဉ်ဖြင့် လေ့လာခြင်းက ကုန်ကျစရိတ်အလွန်သက်သာစေနိုင်ကြောင်း နာဆာ၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။

GROVER စက်ရုပ်ယာဉ်၏ စွမ်းပကားများနှင့် ပတ်သက်၍ လေ့လာနိုင်ရန် အဆိုပါစက်ရုပ်ယာဉ်ကို ဂရင်းလန်ကျွန်း၌ မေ ၃ ရက်က ဖြန့်ကြက်ခဲ့ပြီး ယင်းကျွန်း၏ရေခဲပြင် ဖုံးလွှမ်းနေသော မြေမျက်နှာပြင် အခြေအနေ၊ ရေခဲမြစ်များပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရမှုများ စသည်တို့နှင့်ပတ်သက်၍ စူးစမ်းလေ့လာလျက်ရှိသည်။

အဆိုပါ စက်ရုပ်ယာဉ်ကို ဂရင်းလန်ကျွန်းရှိ သုတေသနစခန်းတစ်ခုမှနေ၍ ထိန်းချုပ်လုပ်ကိုင်ကြောင်း နာဆာက ပြောကြားသည်။ (သတင်းလုလင်)

**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**









# အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားမြို့ ဆင်ခြေဖုံး၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၉၁ ဦးသေဆုံး

ဟူစတန် မေ ၂၀

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများ၌ အင်အားပြင်းထန်သော လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားရာ ၉၁ ဦးသေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မေ ၂၀ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများရှိ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်း အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း ဆိုးဆိုးရွားရွားပျက်စီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ နှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့သည်။

လေဆင်နှာမောင်းဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ရသောမြို့မှာ မူရီမြို့ဖြစ်သည်။ ယင်းမြို့၌ စာသင်ကျောင်းနှစ်ကျောင်း အပါအဝင် အဆောက်အအုံအများအပြားပြိုလဲကျခဲ့သည်။ သေဆုံးသူများတွင် ကလေးများပါဝင်ပြီး သေဆုံးသူဦးရေထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း အိုကလာဟိုးမားဆေးဘက်ဆိုင်ရာ စစ်ဆေးရေးမှူးက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၄၅ ဦးကို ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ ၎င်းတို့အနက် ကလေး ၇၀ ခန့်ပါဝင်ကြောင်း ဆေးရုံနှစ်ရုံမှ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အိုကလာဟိုးမားမြို့၌ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားပြီး ဖက်ဒရယ်အစိုးရအဖွဲ့က အကူအညီပေးနိုင်ရန် တာဝန်ရှိသူများကို စေလွှတ်ခဲ့သည်။ စီအင်န်အေ။



အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးဒေသများ၌ လေဆင်နှာမောင်း တိုက်ခတ်မှုအပြီး အပျက်အစီးများကို တွေ့ရစဉ်။

## ဘူတိုအမှုတွင် မူရှာရက်ဖ် အာမခံရ

အစ္စလာမ္မာဘတ် မေ ၂၁

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုကို လုပ်ကြံရာတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲထားသည့်အမှု၌ စစ်ဘက်အုပ်ချုပ်သူဟောင်း ပါဗက်မူရှာရက်ဖ်ကို တရားသူကြီးတစ်ဦးက အာမခံခွင့်ပြုခဲ့ကြောင်း ၎င်းရှေ့နေကပြောကြားသည်။ ယင်းသို့အာမခံခွင့်ပြုသော်လည်း ၎င်းအားစွဲဆိုထားသော အခြားအမှုနှစ်ခုရှိသေးသဖြင့် အစ္စလာမ္မာဘတ်မြို့စွန်ရှိနေအိမ်၌ ဆက်လက်အကျယ်ချုပ်ကျခံရမည်ဖြစ်သည်။

မူရှာရက်ဖ်အတွက် အာမခံငွေမှာ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ဖြစ်ကြောင်း ရှေ့နေ ဆူလ်မန်ဆက်ဒါကပြောကြားသည်။ ၂၀၀၇ ခုနှစ် ၎င်းအာဏာရှိစဉ်အခါက ဘူတိုကိုလုပ်ကြံသတ်ဖြတ်ရာတွင် ပတ်သက်မှုရှိသည်ဟု ၎င်းကို အစိုးရရှေ့နေများက စွပ်စွဲထားသည်။ ထို့အပြင် ဝန်ကြီးချုပ်ဟောင်းကို လုံလောက်သောလုံခြုံရေး စီစဉ်ပေးထားခြင်းမရှိဟုလည်း ၎င်းကိုပြစ်တင်ဝေဖန်ကြသည်။ မူရှာရက်ဖ်က ယင်းစွပ်စွဲချက်များကို မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ပြီး နိုင်ငံရေးကို အရင်းခံ၍ စွပ်စွဲခြင်းများသာဖြစ်သည်ဟုဆိုသည်။ အေပီ။



## တူရကီ၌ လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း ဝေဟင်တွင်တိုက်မိ၊ ကမ္ဘာလှည့်သုံးဦး သေဆုံး

အစ္စတန်ဘူလ် မေ ၂၀

တူရကီနိုင်ငံ အလယ်ပိုင်းရှိ သာယာလှပသောရှုခင်းများတည်ရှိရာ ဒေသတစ်နေရာတွင် လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း ဝေဟင်အတွင်းတိုက်မိခဲ့သဖြင့် ဘရာဇီးလူမျိုး ကမ္ဘာလှည့်ခရီးသည်သုံးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိကြောင်း အင်နာတိုလီယာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ ကက်ပါဒိုချီးယားဒေသ၌ မေ ၂၀ ရက်က လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်းတိုက်မိသည့် မတော်တဆမှုဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ဝေဟင်အတွင်း လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်းတိုက်မိမှုဖြစ်ပွားခဲ့ကြောင်း နက်ဗ်ဆီဟီပြည်နယ်အုပ်ချုပ်ရေးမှူး အဗ္ဗဒူရာမန်က အင်နာတိုလီယာသတင်းဌာနသို့ ပြောကြားသည်။

လူစီးဓာတ်ငွေ့ဘောလုံးပျံ နှစ်စင်းတိုက်မိရာမှ တစ်စင်းပျက်ကျခဲ့သည်။ ကက်ပါဒိုချီးယားဒေသသည် တူရကီနိုင်ငံ နက်ဗ်ဆီဟီပြည်နယ်၌တည်ရှိပြီး ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်သော ဒေသဖြစ်သည်။ လူစီးဓာတ်ငွေ့ဘောလုံးပျံနှစ်စင်း တိုက်မိသည့်ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ပီတီအိုင်။





ဝေဟင်အတွင်း လူစီးဓာတ်ငွေ့ဘောလုံးပျံ နှစ်စင်း တိုက်မိပြီးနောက် တစ်စင်းပျက်ကျခဲ့ပုံကို တွေ့ရစဉ်။

## လစ်ဗျား၌ သဘာဝဓာတ်ငွေ့စက်ရုံကို စစ်သွေးကြွများက တိုက်ခိုက်

ထရီပိုလီ မေ ၂၁

လစ်ဗျားနိုင်ငံအနောက်ပိုင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးအစောင့်နှစ်ဦး ဒဏ်ရာရရှိကြောင်း၊ စစ်သွေးကြွများသည် လက်နက်များနှင့် စစ်မော်တော်ယာဉ်များကို လုယက်ယူဆောင်သွားခဲ့ကြကြောင်းဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မေ ၂၁ ရက် အစောပိုင်းက ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီမှ ကီလိုမီတာ ၁၁၀ ခန့်အကွာ ဇဝါရာမြို့အနီးရှိ မီလစ်တာ ရေနံနှင့်ဓာတ်ငွေ့စက်ရုံကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း အမည်မဖော်လိုသူအစိုးရတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါစက်ရုံမှာ လစ်ဗျားနိုင်ငံရှိ အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် အီတလီနိုင်ငံရှိ အကြီးဆုံးစွမ်းအင်ကုမ္ပဏီဖြစ်သော အန်နီအက်စ်ပီအေကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်းတစ်ရပ်ဖြစ်သည်။

စစ်ရဟတ်ယာဉ်များက စစ်သွေးကြွများကို ရှာဖွေလျက်ရှိကြောင်း စစ်အရာရှိတစ်ဦးက ပြောကြားသည်။ ပီတီအိုင်။



# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲဖွင့်

နေပြည်တော် မေ ၂၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရာဇဌာနီလမ်းရှိ နှင်းဆီပန်းအဝိုင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးရာ အမျိုးသားတစ်ဦးချင်း စံချိန်ပြ ကီလိုမီတာ ၅၀ နှင့် အမျိုးသမီး တစ်ဦးချင်းစံချိန်ပြ ကီလိုမီတာ ၃၀ ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုပေးပွဲကို ပန်းဝင်နေရာ ဥပ္ပါတသန္တိစေတီအနီး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# ဒုတိယအကြိမ် မီဒီယာပွံ့ဖြိုးတိုးတက်ရေးညီလာခံ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၁

ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ဒုတိယနေ့ဆက်လက်ကျင်းပရာ "The Business of Media" ခေါင်းစဉ်ဖြင့် Mizzima News မှ အယ်ဒီတာချုပ် ဦးစိုးမြင့်ကဦးဆောင်၍ ရန်ကုန်မီဒီယာဂရုပ်ဥက္ကဋ္ဌ ဦးကိုကို၊ Business Media Consultant Ms.Michelle Foster Malaysia- kini မှ အယ်ဒီတာချုပ် Mr. Steven Gan နှင့် ရွှေသံလွင်ကုမ္ပဏီ လီမိတက် (Sky Net) အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာနမှ အထွေထွေမန်နေဂျာ ဦးသက်ဝင်းက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် "Serving the Public: How can media foster a more inclusive and participatory Society?" ခေါင်းစဉ်ဖြင့် BBC မှ Director for Strategy & Policy Mr.Mak Bunting က ဦးဆောင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ Nepal Community Radio Support Centre မှ ဒါရိုက်တာ Mr. Raghu Mainali၊ Burma News International (BNI) Karen Information Center/Develop- ment Officer /News Editor Ms.Nan Paw Gay နှင့် USA, Aspen Institute, Communica- tions & Society Fellow မှ Mr. Blair Levin တို့က လည်းကောင်း ပါဝင်ဆွေးနွေးပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ညီလာခံကို ဆက်လက်ကျင်းပရာ "The Role of Media in Good Governance" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီဝင်နှင့် နိုင်ငံတော်သမ္မတ စီးပွားရေးနှင့် လူမှုရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက်က ဦးဆောင်၍ Union Supreme Court၊ သုတေသနနှင့် အချက်အလက်ဌာနမှ ညွှန်ကြားရေးမှူး ဦးပေါ်ခိုင်သန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဦးဝင်းကို၊ The Pae Tin Thran News Journal မှ Writer/ Executive Editor ဒေါက်တာမသီတာ (စမ်းချောင်း)၊ Independent Media Trainer မှ Mr.Jeff Hodson နှင့် Governance Reform Working Group မှ Chairperson Mr.Perter Mc Dermott တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ "Filling the Gap: Journalism, Education and Training" ခေါင်းစဉ်ဖြင့် Internews Trainer Mr. Michael Pan က ဦးဆောင်၍ Forever Group Co;Ltd.မှ Co-founder & Director, ဦးခင်မောင်ဌေး၊ Myanmar Media Library ဒါရိုက်တာ ဦးစောလင်းအောင်၊ Singapore, Nanyang Technolog- ical University မှ တွဲဖက်ပါမောက္ခ Cherian George နှင့် UNESCO Myanmar Office မှ Media Develop- ment Specialist Mr. Ramon R. Tuazon တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ပါဝင်ဆွေးနွေးသူများနှင့် တက်ရောက်လာကြသူများ၏ အကြံပြု ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ UNESCO CI Regional Adviser Ms. Rosa Maria Gonzalez၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီအဖွဲ့ဝင် Open News Journal အယ်ဒီတာချုပ် ဦးသီဟစော၊ ကုမုဒြာ သတင်းဂျာနယ် အကြီးတန်းသတင်းထောက် ဒေါ်နန်းလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး မကျူရူတင်စကားပြောကြားကာ ညီလာခံကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

မနက် ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
မနက် ၆:၂၅ ကျန်းမာဖို့အတူ ကစားစို့
၇:၂၀ "သဗ္ဗသဗ္ဗာဟစေတီတော် ပရိဝုဏ်အတွင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်သမ္မတ မဟာဗောဓိညောင်ပင် စိုက်ပျိုးခြင်း"
၁၂:၂၅ မြူမည်းရုပ်ရှင် "ဗန်တိုလူလေး(၂) လင်းယုန်နက်(၁)" (ညွန့်ဝင်း၊ စံတင်၊ လဲ့လဲ့ဝင်းလှိုင်၊ နေနီနန်းမိုး) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)

" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်း၊ အမှတ်-( ဆ/၅၂ )တွင် နေထိုင်သူ ဦးစန်ဝင်း (ခ) ရှုစန်း ( ၁၂/လမန (နိုင်) ၀၂၉၅၄၃ )သည် T.F Fertilizer ကုန်အမှတ်တံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-( IV-7001/2003 )အရ မှတ်ပုံတင်ခဲ့ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်နှင့်တွဲဖက်၍ အသုံးပြုရန်အတွက် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုလည်း ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမှပိုင်အမှတ်တံဆိပ်များအဖြစ် ဖြည့်စွက်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။




အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုအသုံးပြု၍ ဦးစန်ဝင်း (ခ) ရှုစန်းသည် " Compound Fertilizer, $P_2O_5$ Fertilizer နှင့် ဓာတ်မြေဩဇာအမျိုးမျိုး " တို့ကို SHU SAN CO., LTD. နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အမှတ်-( လ-၁/၁၂ )ရှိ စိုးမိုးမိုင် ဓာတ်မြေဩဇာ ရောင်းဝယ်ရေး အရောင်းစင်တာ ( SOE MOE MAIE Fertilizer Sale Center ) တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လက်လီ/လက်ကားဆိုင်များသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ ကောင်းသောနာမည်ကောင်းကို အခွင့်ကောင်းယူ၍ သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်အောင် ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ဆင်တူတုပ၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအိုးနစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘာရိုပ်ဗွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂ ။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ညို

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိဿရအား နှုတ်ဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)



နေပြည်တော် မေ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ မေ ၂၁ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံး၌ကျင်းပသည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ (ကဆုန်လပြည့်နေ့) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ညိုသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် နံနက် ၈ နာရီ မိနစ် ၄၀ တွင် အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိပြီး အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ကုလသမဂ္ဂဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ရာ အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌဆရာတော်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် ဗုဒ္ဓဘာသာဝင် ဆရာတော်၊ သံဃာတော်များ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး၊ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသောနိုင်ငံများမှ ဝန်ကြီးများ၊ စာတမ်းဖတ်ကြားကြမည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် Dr. Phra Brahmapundit က ယခုနှစ် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော Education and Global Citizenship; A Buddhist Perspective နှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကောင်စီဥက္ကဋ္ဌ ဆရာတော် Somdet Phra က ဩဝါဒစကား မြွက်ကြားသည်။

ယင်းနောက် မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် Dr. Phra Brahmapundit က အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး Mr. Pongthep Thepkanchana က မိန့်ခွန်းပြောကြားကာ ကမ္ဘာ့ခေါင်းဆောင်များ၏ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့

## ရန်ကုန်မြို့ ရွှေတောင်တန်းဘောတံတား၌ စက်တပ်သမ္ဗန်နစ်မြုပ်

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရွှေတောင်တန်း (၁)ဘောတံတားအနီး၌ ခရီးသည်နှင့် ကုန်တင်စက်တပ်သမ္ဗန်တစ်စင်းသည် မေ ၂၁ ရက် နံနက် ၅ နာရီခန့်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်တပ်သမ္ဗန်သည် ရန်ကုန်-ကွမ်းခြံကုန်းမြို့နယ်သို့ ပြေးဆွဲလျက်ရှိသည့် ခရီးသည်နှင့်ကုန်တင်စက်တပ်သမ္ဗန်အမျိုးအစားဖြစ်ပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်းခရီးသည် ၂၄ ဦးနှင့် ဘိလပ်မြေ၊ သံချောင်းနှင့် အခြားကုန်များတင်ဆောင်ကာ ရွှေတောင်တန်းဆိပ်ကမ်း ဘောတံတားအနီး ၀၀ ပေ ကျော်အကွာအဝေးအရောက်၌ ရေစီးအားကိုမထိန်းနိုင်ဘဲ နစ်မြုပ်သွားခြင်းဖြစ်သည်။

စက်တပ်သမ္ဗန်နစ်မြုပ်မှုတွင် အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦးကို ကယ်တင်နိုင်ခဲ့ပြီး အမျိုးသမီးအလောင်းတစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ကျန်ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

နစ်မြုပ်သွားသည့် စက်တပ်သမ္ဗန်မှာ အောင်ရတနာမြင့်ဖြစ်ပြီး အလျား ၃၆ ပေ၊ အနံ ကိုးပေ၊ ဇောက်ငါးပေ ရှိကြောင်း သိရသည်။




ရွှေတောင်တန်း(၁)ဘောတံတားမှ ၁၀ ပေကျော်အကွာ အောင်ရတနာမြင့်စက်တပ်သမ္ဗန်နစ်မြုပ်သည့်နေရာကို တွေ့ရစဉ်။

## နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်ရှိသော တပ်မတော်တစ်ရပ်ဖြစ်ရေး စွမ်းရည်သုံးရပ်ကို ပြည့်ဝအောင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို

နေပြည်တော် မေ ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှမြေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းတပ်နယ်သို့ရောက်ရှိပြီး တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေ့လယ်ပိုင်းတွင် ပုပ္ပားတပ်နယ်သို့ ရောက်ရှိပြီး ဦးအောင်ဇေယျခန်းမ၌ တပ်နယ်မှ အရာရှိစစ်သည်မိသားစုများအား တွေ့ဆုံမှာကြားခဲ့သည်။ စာမျက်နှာ ၂ ကော်လံ ၁ သို့

## မြောက်ဝင်ရိုးစွန်းသဘာဝပတ်ဝန်းကျင် နာဆာ၏စက်ရုပ်ယာဉ်လေ့လာ

ဝါရှင်တန် မေ ၂၁

အာကာသဂြိုဟ်ဆင်းယာဉ် ကဲ့သို့သော စက်ရုပ်ယာဉ် တစ်စင်းကို အသုံးပြု၍ မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေကို အမေရိကန် အာကာသအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များ လေ့လာလျက်ရှိကြသည်။

နာဆာက တည်ဆောက်ခဲ့သော စက်ရုပ်ယာဉ်သည် မြောက်ဝင်ရိုးစွန်းဒေသ၏ ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို လေ့လာလိုသော သိပ္ပံပညာရှင်များနှင့် သုတေသီများအား ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် ကုန်ကျစရိတ်သက်သာစွာဖြင့်

စာမျက်နှာ ၄ ကော်လံ ၃ သို့



GROVER စက်ရုပ်ယာဉ်ကို အမေရိကန်ပြည်ထောင်စု အိုင်ဒါဟိုပြည်နယ်ရှိ နှင်းလျှောစီး အပန်းဖြေစခန်းတစ်ခုတွင် စမ်းသပ်မောင်းနှင်စဉ်။


